
## ပဋိပက္ခအလားအလာနှင့် အရပ်သားများအပေါ် သက်ရောက်မှုတို့အား လေ့လာဆန်းစစ်ချက်

ပြီးခဲ့သည့်ဇွန်လိုင်လမှစတင်၍ရှမ်းပြည်နယ် မြောက်ပိုင်းတွင် တိုက်ပွဲများ ဖြစ်ပွားမှု အရှိန်မြင့်တက်လာခဲ့ ပြီး အောက်တိုဘာလမှ စတင်ကာ ရှမ်းပြည်နယ်မြောက်ပိုင်း တလျှောက်တွင် အာဏာသိမ်းစစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့များအကြား ပဋိပက္ခများ ပိုမိုမြင့်တက်လာခဲ့သည်။ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ညီနောင်မဟာမိတ်သုံးဖွဲ့က **"**စစ်ဆင်ရေး ၁၀၂၇**"** အမည်ဖြင့် အာဏာသိမ်း စစ်တပ်အား ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။[1] အဆိုပါ စစ်ဆင်ရေးသည် ရှမ်းပြည်နယ် မြောက်ပိုင်း အတွင်းရှိ နောင်ချို၊ ကျောက်မဲ၊ လားရှိုး၊ သိန္နီ၊ ကွတ်ခိုင်၊ နမ့်ခမ်း၊ မူစယ်နှင့် ချင်းရွှေဟော် အစရှိသည့် မြို့နယ်ရှစ်မြို့နယ် အတွင်းရှိ အာဏာသိမ်းစစ်တပ်စခန်းများအား ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်။ အဓိက ကုန်သွယ်ရေး အချက်အခြာဖြစ်ပြီး အာဏာသိမ်းစစ်တပ်အတွက် အခွန်ငွေ အတော်များများ ရရှိသည့် ချင်းရွှေဟော်မြို့ အပါအဝင် အာဏာသိမ်းစစ်တပ်၏ စခန်းပေါင်း ၈၀ ခန့်ကို သိမ်းပိုက်ရရှိခဲ့သည်ဟု အောက်တိုဘာလ ၃၁ ရက်နေ့ ညီနောင်မဟာမိတ်သုံးဖွဲ့ သတင်းထုတ်ပြန်ပါသည်။ ညီနောင်မဟာမိတ်သုံးဖွဲ့သည် အာဏာသိမ်းစစ်တပ်ကို ချေမှုန်းရုံတင်သာမက တရုတ်-မြန်မာ ကုန်သွယ်ရေးလမ်းကြောင်းကိုလည်း ဖြတ်တောက်ရန် ရည်ရွယ်ထားသည်။[2]

ဆက်လက်ဖြစ်ပွားနေသည့်ပဋိပက္ခများ၏အကျိုးဆက်အရထောင်သောင်းချီသည့်အရပ်သားများနေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ကြရသည်။ လက်နက်ကိုင်အဖွဲ့များကလက်နက်ကြီးများကိုလက်လွတ်စပယ်ပစ်ခတ်သဖြင့်အရပ်သားအမြောက်အမြားထိခိုက်သေဆုံးဒဏ်ရာရခဲ့ကြသည်။လားရှိုးနှင့်သိန္နီမြို့နယ်များရှိဘုန်းတော်ကြီးကျောင်းများတွင်စစ်ဘေးရှောင်အမြောက်အမြားခိုလှုံနေကြသည်။ [3] ထို့အပြင် ရှမ်းပြည်နယ် မြောက်ပိုင်းသို့ အာဏာသိမ်းစစ်တပ် စစ်ကူများ တက်လာမည့်အရေးကို ဟန့်တားနိုင်ရန်ဟုဆိုကာ လားရှိုး-မူစယ် လမ်းမကြီးပေါ်ရှိ သိန္နီတံတားအား ညီနောင်မဟာမိတ်သုံးဖွဲ့က ဗုံးခွဲဖျက်ဆီးလိုက်သည်။ လားရှိုးမြို့နှင့် ချင်းရွှေဟော်၊ ကွတ်ခိုင်၊ မူစယ်မြို့တို့အကြား ခရီးလမ်းများ ပိတ်ဆို့ခံခဲ့ရသည်။[4] အကျိုးဆက်အားဖြင့် အာဏာသိမ်းစစ်တပ်၏ လှုပ်ရှားမှုအား ဟန့်တားလိုက်နိုင်သော်လည်း တိုက်ပွဲများအကြားတွင် အရပ်သား အမြောက်အမြား ပိတ်မိနေခဲ့ရသည်။

ညီနောင်မဟာမိတ်သုံးဖွဲ့၏ "စစ်ဆင်ရေး ၁၀၂၇" စတင်ကတည်းက လက်နက်ကြီးရန်မှ ကင်းလွတ်နိုင်ရန် အတွက် အမျိုးသမီးနှင့် ကလေးများသည် ဘုန်းတော်ကြီးကျောင်းများတွင် ခိုလှုံနေကြရသည်။ သို့သော်လည်း ထိခိုက် သေဆုံးဒဏ်ရာရသူစာရင်း စုစုပေါင်းအား အတည်ပြုနိုင်ခြင်း မရှိသေးချေ။ ဒေသခံ သတင်း အရင်းအမြစ်များ၏ အဆိုအရ နမ့်ဖတ်ကာတွင် ငါးဦး၊ ကွတ်ခိုင်တွင် နှစ်ဦးနှင့် လားရှိုး၊ ကွမ်းလုံ၊ ကျောက်မဲ၊ နောင်ချို မြို့နယ်တို့တွင် လေးဦး၊ စုစုပေါင်း ရှမ်းပြည်နယ် မြောက်ပိုင်းတွင် အနည်းဆုံး ဒေသခံ ၁၁ ဦး သေဆုံးခဲ့သည်ဟု သိရပါသည်။[5] စစ်ဘေးရှောင်များ ခိုလှုံနေကြသည့် နယ်မြေ အတွင်းရှိ လမ်းများပိတ်နေခြင်း၊ မြို့အဝင်အထွက်များကို ပိတ်ဆို့ထားခြင်းတို့ကြောင့် ထိခိုက် ဒဏ်ရာရသူများအား အကူအညီပေးနိုင်ရန် အတွက် ဒေသတွင်းရှိ လူမှု အကူအညီပေးရေး ပရဟိတအဖွဲ့များ အနေဖြင့်လည်း အခက်အခဲများ တွေ့ကြုံခဲ့ရပါသည်။ အဆိုပါ ဒေသခံ ပရဟိတအဖွဲ့များသည် စစ်ဘေးရှောင်များ အရေးပေါ်လိုအပ်ချက်များအား သိရှိနိုင်ရန်နှင့် လိုအပ်သည့် ပစ္စည်းများ ကူညီထောက်ပံ့ နိုင်ရန် အတွက် ရုန်းကန်ခဲ့ကြရပါသည်။

ထို့အပြင် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များနှင့် အာဏာသိမ်းစစ်တပ်တို့က အမျိုးသမီးနှင့် အမျိုးသားများအား အတင်းအကြပ်စစ်သားအဖြစ် စုဆောင်းခြင်းများလည်း ဆက်လက်ဖြစ်ပွားနေပါသည်။ လက်နက်ကိုင်များက အခွန်ငွေများ၊ စားနပ်ရိက္ခာများ ဆက်လက်တောင်းခံနေကြခြင်းသည်လည်း ဒေသခံများ၏ ထမင်းအိုးကို ဆိုးဆိုးဝါးဝါး ထိခိုက်စေပါသည်။ တရားမဝင် လုပ်ငန်းများ ဖြစ်ကြသည့် လောင်းကစားဝိုင်းများ၊ အွန်လိုင်း လိမ်လည်မှုများ၊ မူးယစ်ဆေးဝါး ရောင်းဝယ်မှုများ၊ လူကုန်ကူးမှုများ ရှိနေသည်မှာလည်း မဆန်းတော့ပြီ။[6] ဤအချက်များသည် လိင်ပိုင်းဆိုင်ရာ နှင့် ကျား-မအခြေပြုအကြမ်းဖက်မှု (SGBV) အပြင် ပဋိပက္ခနှင့် ဆက်နွယ်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု (CRSV) တို့ ပျံ့နှံ့မှု မြင့်တက်စေသည့် အချက်များပင် ဖြစ်ကြပါသည်။ ညီနောင်မဟာမိတ် သုံးဖွဲ့နှင့် အာဏာသိမ်းစစ်တပ်အကြား တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေခြင်းကြောင့် အမျိုးသမီးများနှင့် ကလေးများ အထူးသဖြင့် လုံခြုံမှုမရှိပဲနေထိုင်နေရသူများ ပိုမို ထိခိုက်သက်ရောက်မှုများ ရှိခဲ့ပါသည်။




- တိုက်ပွဲ - ဗမာစစ်တပ် နှင့် TNLA
- တိုက်ပွဲ - ဗမာစစ်တပ် နှင့် MNDAA
- တိုက်ပွဲ - ဗမာစစ်တပ် နှင့် KIA
- တိုက်ပွဲ - ဗမာစစ်တပ် နှင့် ညီနောင်မဟာမိတ်သုံးဖွဲ့
- ဗုံးပေါက်ကွဲမှုများ၊ လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုများ
- မြေမြှုပ်မိုင်း

## ၉၉
၂၀၂၃ ခုနှစ် ဇန်နဝါရီလမှအောက်တိုဘာလ အတွင်း ရှမ်းပြည်နယ်တွင်ထိခိုက် သေဆုံးသည့် အရပ်သား အရေ အတွက်

## ၁၆၉
၂၀၂၃ ခုနှစ် ဇန်နဝါရီလမှအောက်တိုဘာလ အတွင်း ရှမ်းပြည်နယ်တွင်ထိခိုက်ဒဏ်ရာရသည့် အရပ်သားများ အရေအတွက်

## ၆၀
၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ရှမ်းပြည်နယ် တွင် ဖြစ်ပွားခဲ့သည့် လိင်ပိုင်းဆိုင်ရာနှင့် ကျား-မ အခြေပြု အကြမ်းဖက်မှုနှင့် အိမ်တွင်း အကြမ်းဖက်မှု အရေအတွက်။

## ၉၀
၂၀၂၃ ခုနှစ် ဇန်နဝါရီလမှအောက်တိုဘာလ အတွင်း ရှမ်းပြည်နယ်တွင် အကြောင်းမဲ့ ဖမ်းဆီးချုပ်နှောင်ခံရသည့် အရပ်သား အရေအတွက်။

## အမျိုးသမီးနှင့် ကလေးငယ်များအပေါ် သီးသန့် သက်ရောက်မှုများ

တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များအားချေမှုန်းရန် ရည်ရွယ်ကာ အာဏာသိမ်းစစ်တပ်ဘက်ကလက်နက်ကြီး၊လေကြောင်းတို့ဖြင့်လက်လွတ်စပယ်ပစ်ခတ်မှုများသည်အရပ်သားအများအပြားအားထိခိုက်သေဆုံးဒဏ်ရာရစေခဲ့သည်။ ဤတိုက်ခိုက်မှုများကြောင့် အမျိုးသမီးများနှင့် ကလေးများသည်လည်း ကြီးမားစွာထိခိုက်စေပါသည်။ စက်တင်ဘာလ လလယ်တွင် အာဏာသိမ်းစစ်တပ်နှင့် တအာင်း အမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) တို့ မူစယ်မြို့နယ် အတွင်း တိုက်ပွဲများစွာ ဖြစ်ပွားခဲ့ပါသည်။ စစ်တပ်ဘက်က လေကြောင်းဖြင့် TNLA စခန်းများအား ပစ်ခတ်တိုက်ခိုက်ရာတွင် ကျေးရွာ အတွင်းရှိ အရပ်သားများ၏ နေအိမ်များကိုပါ ထိမှန်၍ အကြီးအကျယ် ပျက်စီးခဲ့ရပါသည်။ ဗုံးဆန်များကြောင့် သက်လတ်ပိုင်း အမျိုးသမီး သုံးဦးနှင့် ၁၇ နှစ်အရွယ် မိန်းကလေးတဦး ဒဏ်ရာရခဲ့ပါသည်။[7] ကွတ်ခိုင်မြို့နယ် အတွင်း TNLA နှင့် ဗမာစစ်တပ်ကြား ဖြစ်ပွားသည့် တိုက်ပွဲတွင် အသက် ၁၁ နှစ်အရွယ် ကလေးတဦးလည်း ဒဏ်ရာရခဲ့ပါသည်။

သိန္နီ-ချင်းရွှေဟော် ကားလမ်းပေါ်တွင် အာဏာသိမ်းစစ်တပ်နှင့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA)၊ ရှမ်းပြည် တိုးတက်ရေးပါတီ (SSPP/SSA) တို့ တိုက်ပွဲဖြစ်စဉ်အတွင်း အောက်တိုဘာလ ၉ ရက်နေ့တွင် ကျေးရွာအတွင်းသို့ လက်နက်ကြီး ပစ်ခတ်ခံရသည့်အခါ နေအိမ်သို့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲ၍ ကိုယ်ဝန် ခြောက်လရှိ အမျိုးသမီးတဦး၏ ကျောကုန်းတွင် ဒဏ်ရာ ရခဲ့ပါသည်။ ထိုအမျိုးသမီးအား သိန္နီဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း ဆေးရုံက လူနာကို လက်ခံကုသပေးခြင်း မရှိ၍ လားရှိုးဆေးရုံသို့ ဆက်လက် ပို့ဆောင်ခဲ့ရပါသည်။[8] ၎င်းအမျိုးသမီး ဆေးရုံကဆင်းပြီးသည့်နောက်တွင်လည်း သူမ၏ ခန္ဓာကိုယ်ထဲ၌ ကျည်စ ရှိနေသေးသဖြင့် ဝေဒနာ ဆက်လက်ခံစားနေရဆဲ ဖြစ်ပါသည်။ အဆိုပါ ကျည်စအား ခွဲထုတ်လျှင် သူမ ရင်သွေး၏ အသက်အန္တရာယ်ကို စိုးရိမ်ရသဖြင့် သူမက ခွဲစိတ်ကုသခံခြင်းမပြုရန် ဆုံးဖြတ်ခဲ့ရသည်။ ယခုအခါ သူမသည် လက်နက်ကြီးဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် သူမ၏ နေအိမ်၌ပင် နေထိုင်လျက်ရှိပါသည်။

အောက်တိုဘာလ ၂၇ ရက်နေ့တွင် တပ်ပေါင်းစုဘက်မှ နမ့်ခမ်းရှိ အာဏာသိမ်းစစ်တပ်စခန်းအား လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။ ကလေးသုံးဦးရှိသည့် မိသားစုအိပ်စက်နေသည့် အချိန်တွင် လက်နက်ကြီး ထိမှန်ခံခဲ့ ရသဖြင့် အသက် ၁၂ အရွယ် မိန်းကလေးတဦးနှင့် အသက်ရှစ်နှစ်အရွယ် ယောကျ်ားလေးတဦးတို့ ပွဲချင်းပြီး သေဆုံးကာ အသက်ငါးနှစ်အရွယ် အငယ်ဆုံးယောကျ်ားလေးမှာ ဒဏ်ရာရရှိခဲ့ပါသည်။[9] ဤအဖြစ်အပျက်သည် “ဝါဒဖြန့်ချိရေး” သက်သက်သာ ဖြစ်သည်ဟု အာဏာသိမ်းစစ်အုပ်စုက ငြင်းဆိုခဲ့သည်။ သို့သော် ဒေသခံ သတင်း အရင်းအမြစ်များကမူ ကလေးနှစ်ဦး သေဆုံးကာ တဦးဒဏ်ရာရှိခဲ့ကြောင်း အတည်ပြုခဲ့ကြသည်။

[1]https://kachinnews.com/2023/10/28/northern-alliance-strikes-sac-camps-across-northern-shan-state/
[2]https://www.irrawaddy.com/news/war-against-the-junta/seven-key-points-about-myanmar-ethnic-alliances-operation-1027.html
[3] https://english.shannews.org/archives/26617
[4] https://www.rfa.org/english/news/myanmar/offensive-10302023172229.html
[5]https://www.irrawaddy.com/news/burma/eleven-civilians-killed-by-myanmar-junta-in-northern-shan-state-rescuers.html
[6]https://english.dvb.no/shan-rights-group-releases-report-detailing-abuses-at-scam-centers/
[7]https://shanhumanrights.org/four-women-injured-houses-damaged-by-sac-shelling-and-airstrikes-in-muse-township-northern-shan-state/
[8]https://shanhumanrights.org/pregnant-woman-injured-buildings-damaged-over-1000-displaced-by-sac-shelling-along-china-trade-corridor-in-hsenwi-township-northern-shan-state/
[9] https://burmese.shannews.org/archives/37442

## စစ်ဘေးရှောင်များ၏ အခြေအနေ

အောက်တိုဘာလ ၃၁ ရက်နေ့ စာရင်းများအရ လားရှိုးနှင့် သိန္နီမြို့နယ်တို့တွင် စစ်ဘေးရှောင် စုစုပေါင်း ၁၂,၀၀၀ ခန့်ရှိပါသည်။ လားရှိုးရှိ စစ်ဘေးရှောင်စခန်း တခုတည်း၌ပင် စစ်ဘေးရှောင် ၆၀၀၀ ခန့်ရှိပြီး သိန္နီမြို့နယ်ရှိ စစ်ဘေးရှောင်စခန်း ရှစ်နေရာတွင် စစ်ဘေးရှောင်ပေါင်း ၅၉၅၀ ဦး ရှိပါသည်။ လားရှိုး–မူစယ် အဝေးပြေးလမ်းအား ပိတ်ဆို့ထားသည့်အပြင် အနီးအနား မြို့နယ်များသို့ ဆက်သွယ်သည့် လမ်းများအားလည်း ပိတ်ဆို့ထားသောကြောင့် ဤမြို့နယ် နှစ်မြို့နယ်တွင် စစ်ဘေးရှောင် အရေအတွက် အဆမတန် များပြားခဲ့ရခြင်း ဖြစ်သည်။ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသောကြောင့် စစ်ဘေးရှောင် အရေအတွက်လည်း ထပ်မံတိုးလာနိုင်ပါသည်။

စစ်ဘေးရှောင်များအား လက်ခံကူညီသည့် ရပ်ရွာများသည် စစ်ဘေးရှောင်အားလုံး အတွက် အရေးပေါ် လိုအပ်သည်များကို ကူညီနိုင်ရန် အတွက် ရုန်းကန်နေကြရပါသည်။ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များနှင့် အာဏာသိမ်းစစ်တပ်တို့က အဓိက လမ်းမကြီး တချို့အား ပိတ်ဆို့၊ ဖျက်ဆီးထားခြင်းကြောင့်လည်း စစ်ဘေးရှောင်များ အားလုံး အတွက် ထောက်ပံ့ရေး ပစ္စည်းများ မှာယူကာ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ အချိန်နှင့် တပြေးညီ ပေးအပ်ရန် ခက်ခဲနေပါသည်။ အောက်တိုဘာလ ၂၅ ရက်နေ့မှစ၍ အခြေခံစားသောက်ကုန် ဈေးနှုန်းများ မြင့်တက်လာခဲ့သဖြင့် ရပ်ရွာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များ အနေဖြင့် အဆိုပါ ကုန်ပစ္စည်း ပမာဏများများ ဝယ်ယူရရှိနိုင်ရန်လည်း ခက်ခဲနေပါသည်။

ဝေးလံခေါင်သီသောဒေသမှ ဒဏ်ရာရသူများအား ဆေးရုံဆေးခန်းများရှိသည့် မြို့ကြီးများသို့ သယ်ယူ ပို့ဆောင်ပေးရန် အလွန်ခက်ခဲသောကြောင့် အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှုရရှိရန်လည်း အဟန့်အတား များပြားနေပါသည်။ ထို့ကြောင့် ဒေသန္တရ ကျန်းမာရေးလုပ်သားများကပင် ရှိစုမဲ့စု ဆေးဝါးများဖြင့် လူနာများအား ကုသပေးနေရပါသည်။

## စစ်ဘေးရှောင်များအား စွမ်းအဖွဲ့က ထောက်ပံ့ကူညီခြင်း

အောက်တိုဘာလ ၃၁ ရက်နေ့စာရင်းအရ စွမ်းအဖွဲ့သည် လားရှိုးနှင့် ကျောက်မဲမြို့များရှိ စစ်ဘေးရှောင်များအား အောက်ဖော်ပြပါ အစားအသောက်၊ ဆေးဝါး၊ မွေ့ယာ၊ စောင်အထူ၊ အနွေးထည်များ ထောက်ပံ့ကူညီခဲ့ပါသည်။ အသေးစိတ် အချက်အလက်များမှာ–


| မြို့နယ် | စစ်ဘေးရှောင် စခန်း အရေအတွက် | စစ်ဘေးရှောင် အရေအတွက် |
|---|---|---|
| လားရှိုး | ၈ | ၃,၁၁၀ |
| ကျောက်မဲ | ၃ | ၁၆၈ |
| စုစုပေါင်း | ၁၁ | ၃,၂၇၈ |

ယခုအခါ စွမ်းအဖွဲ့သည် ရပ်ရွာအတွင်းရှိ ပရဟိတအသင်းအဖွဲ့များနှင့် လက်တွဲကာ စစ်ဘေးရှောင်များ အရေးပေါ် လိုအပ်ချက်များအား အထိရောက်ဆုံး ဖြည့်ဆည်းပေးနိုင်ရန် အတွက် ဆောင်ရွက်လျက် ရှိပါသည်။ စွမ်းသည် လားရှိုး၊ ကျောက်မဲ၊ သိန္နီ၊ သီပေါနှင့် နမ့်ခမ်း မြို့နယ်များရှိ လူပုဂ္ဂိုလ်များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဆက်သွယ်ထားပြီး အဆိုပါ မြို့နယ်များရှိ စစ်ဘေးရှောင်များအား ထောက်ပံ့ကူညီရန် စီမံလျက်ရှိပါသည်။ ခရီး လမ်းပန်းဆက်သွယ်ရေးအား ပိတ်ဆို့ထားသောကြောင့် စစ်ဘေးရှာင်များအား အမြန်ဆုံးထောက်ပံ့ကူညီနိုင်မည့် နည်းလမ်း ရှာဖွေနိုင်ရန်အတွက် စွမ်းအဖွဲ့သည် အဆိုပါ ဒေသများရှိ လူပုဂ္ဂိုလ်များ၊ ပရဟိတ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

## လိင်ပိုင်းဆိုင်ရာနှင့် ကျား-မ ကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှု (SGBV) တိုးမြင့်လာခြင်း

ယခုအစီရင်ခံသည့် ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှု ၃ မှု၊ အဓမ္မပြုကျင့်ရန် ကြိုးပမ်းမှု ၂ မှု၊ ကလေး သူငယ် အဓမ္မပြုကျင့်မှု ၂ မှုနှင့် ရင်းနှီးကြွမ်းဝင်သူချင်းအကြမ်းဖက်မှု ၁ မှု စသသည့်ဖြစ်များ စုစုပေါင်း ၈ ခု ဖြစ်ပွားခဲ့သည်ဟု စွမ်းအဖွဲ့က သိရှိမှတ်တမ်းတင်ရပါသည်။ စွမ်းအဖွဲ့က သိရှိရသည့် အတိုင်းအတာအရ ကလေးသူငယ်မုဒိမ်းမှု အပါအဝင် ကလေးသူငယ်များအပေါ် ကျူးလွန်သည့် အကြမ်းဖက်မှု အရေအတွက် မြင့်တက်လာသည်ကို တွေ့ရပါသည်။
ဥပမာအားဖြင့် အသက် ၁၁ အရွယ် မိန်းကလေးအား အသက် ၃၀ အရွယ် အမျိုးသားက အဓမ္မပြုကျင့်ခဲ့ပါသည်။ အဆိုပါ အမှုအား SSPP/SSA တာဝန်ရှိသူများထံ တိုင်ကြားခဲ့သဖြင့် SSPP/SSA ၏ တရားစီရင်ရေးစနစ်အရ အရေးယူ ဆောင်ရွက်ခဲ့သည်ဟုသိရပါသည်။ ထိုအမှုနှင့် ပတ်သက်၍ စွမ်းအဖွဲ့ကိုလည်း အကြောင်းကြားခဲ့သဖြင့် ကျူးလွန်ခံရသူအား စွမ်းအဖွဲ့မှ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာ အထောက်အပံ့များ၊ သူမ၏ ကျေးရွာမှ ဆေးရုံသို့ သွားရန် ခရီးစရိတ်များ၊ နေ့စဥ် မရှိမဖြစ် လိုအပ်မည့် အခြေခံပစ္စည်းများ ပေးအပ် ကူညီခဲ့ပြီး ဒေသန္တရ အဖွဲ့အစည်းမှတဆင့် ကျန်းမာရေးစောင့်ရှောက်မှုများ ရယူနိုင်ရန်အတွက်လည်း ကူညီပေးခဲ့ပါသည်။

ကျူးလွန်ခံရသူများနှင့် ၎င်းတို့မိသားစုများသည် အရင်းအမြစ် နည်းပါးလှသဖြင့် နစ်နာကြေးရယူနိုင်သည့် ရွေးခြယ်စရာလမ်းအနည်းငယ်သာရှိပါသည်။ အချို့အမှုများမှာ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များ၏ တရားစီရင်ရေးအပြင် ဒေသန္တရ ဓလေ့ထုံးတမ်း စည်းမျဉ်းစည်းကမ်းများအရ ဖြေရှင်းဆောင်ရွက်ခဲ့ရပါသည်။ သို့သော် အခြားအမှုများတွင်မူ အရေးယူဆောင်ရွက်ခြင်းမရှိခဲ့ပါ။ ကျူးလွန်ခံရသူများသည် လက်ရှိပဋိပက္ခ အခြေအနေများကြောင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် အတွက်ပင်အခက်အခဲ ကြုံတွေ့နေရပါသည်။ ကျူးလွန်ခံရသူများနှင့် ၎င်းတို့ မိသားစုများအား ကူညီနိုင်ရန်အတွက် စွမ်းအဖွဲ့သည် ဒေသတွင်းရှိ လုပ်ဖော်ကိုင်ဖက်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။



## လိင်ပိုင်းဆိုင်ရာနှင့် ကျား-မကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှု (SGBV) တိုးမြင့်လာခြင်း

| အကြမ်းဖက်မှု အမျိုးအစား | ကျူးလွန်ခံရသူ | ကျူးလွန်သူ | အရေးယူ ဆောင်ရွက်မှု |
|---|---|---|---|
| ကလေးသူငယ် မုဒိမ်းကျင့်မှု | အသက် ၁၄ နှစ် အရွယ်ရှိ မိန်းကလေး တဦး | အသက် ၆၈ အရွယ် အမျိုးသား တဦး | ကျူးလွန်ခံရသူတွင် ကိုယ်ဝန် ရှိသွားသဖြင့် ၎င်းမိခင်၏ အကြံပေးချက်အရ ကိုယ်ဝန်ကို ဖျက်ချခဲ့ရပါသည်။ ပြစ်ဒဏ် ချမှတ်သည့် အနေဖြင့် ကျေးရွာ အတွင်း လမ်းသစ်ခင်းရန် ကျောက်၊ သဲများ အတွက် ကျူးလွန်သူက အကုန်အကျခံရန် ကျေးရွာ လူကြီးက အမိန့် ချခဲ့သည်။ |
| ကလေးသူငယ် မုဒိမ်းကျင့်မှု | အသက် ၁၁ နှစ် အရွယ် မိန်းကလေး တဦး | အသက် ၃၀–၄၀ ကြားအရွယ် အမျိုးသား တဦး | ကျူးလွန်ခံရသူက SSPP/SSA သို့ တိုင်ကြားခဲ့သဖြင့် SSPP/SSA ၏ တရားစီရင်ရေးစနစ်ဖြင့် အရေးယူခဲ့သည်။ |
| မုဒိမ်းကျင့်ရန် ကြိုးပမ်းမှု | အသက် ၂၈ နှစ် အရွယ် အိမ်ထောင်ရှိ အမျိုးသမီး တဦး | အသက် ၁၇ နှစ် အရွယ် ယောက်ျားလေး တဦး | ကျူးလွန်ခံရသူက ကျေးရွာလူကြီး ထံ တိုင်ကြားခဲ့သဖြင့် ကျေးရွာ အထွေထွေ ရန်ပုံငွေအဖြစ် ငွေကျပ် ၁၀ သိန်း ပေးဆောင်ရန် အမိန့်ချခဲ့သည်။ |
| မုဒိမ်းကျင့်ရန် ကြိုးပမ်းမှု | အသက် ၂၃ နှစ် အရွယ် အမျိုးသမီး တဦး | မည်သူမှန်း မသိသည့် အမျိုးသား တဦး | ဤအမှုအား ကျေးရွာ အုပ်ချုပ်ရေးမှူးထံ တိုင်ကြားခဲ့သော်လည်း ကျူးလွန်သူက ထွက်ပြေး ပျောက်ကွယ်သွားသဖြင့် အရေးယူ ဆောင်ရွက်နိုင်ခြင်း မရှိခဲ့။ |
| အိမ်တွင်း အကြမ်းဖက်မှု | အသက် ၃၈ နှစ် အရွယ် အမျိုးသမီး တဦး | အသက် ၄၃ နှစ် အရွယ် ခင်ပွန်း ဖြစ်သူ | နောက်ဆက်တွဲ သတင်း မသိရသေး |
| အိမ်တွင်း အကြမ်းဖက်မှုနှင့် လူသတ်မှု | အသက် ၆၀ အရွယ် အမျိုးသမီး တဦး | ခင်ပွန်းဖြစ်သူ (အသက် မသိရ) | ကျူးလွန်သူအား ဒေသခံ အာဏာပိုင်များက ဖမ်းဆီးခဲ့သည်။ |
| အိမ်တွင်း အကြမ်းဖက်မှု | အသက် ၃၂ နှစ် အရွယ် အမျိုးသမီး တဦး | အသက် ၃၅ နှစ် အရွယ် ခင်ပွန်း ဖြစ်သူ | ကျူးလွန်ခံရသူသည် INGO အဖွဲ့ တဖွဲ့ထံမှ တရားရေး ဆိုင်ရာ အကူအညီ ရယူနိုင်ခဲ့သည်။ |
| ရင်းနှီးကြွမ်းဝင်သူချင်း အကြမ်းဖက်မှု | အသက် ၂၀ အရွယ် အမျိုးသမီး တဦး | အသက် ၂၂ အရွယ် ချစ်သူ | နောက်ဆက်တွဲ သတင်း မသိရသေး |

## စွမ်းအဖွဲ့၏ တိုက်တွန်းအကြံပြုချက်များ

- ရှမ်းပြည်နယ်မြောက်ပိုင်းရှိ စစ်ဘေးရှောင်များနှင့် ၎င်းတို့အား လက်ခံစောင့်ရှောက်ပေးထားသည့် ရပ်ရွာများအား အကာအကွယ်ပေးရန်နှင့် လူသားချင်းစာနာမှု အကူအညီများ ပေးအပ်ရန် လက်နက်ကိုင်အဖွဲ့များ၊ လူသားချင်းစာနာမှု ဆိုင်ရာ အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ အစရှိသည့် သက်ဆိုင်သူ အားလုံးကို တိုက်တွန်း ပါသည်။

- အရပ်သားများ အားလုံးကို အန္တရာယ်ဖြစ်စေမည့် လုပ်ရပ်များ အလုပ်ရန်နှင့် စစ်ဘေးရှောင်များထံ လူသားချင်းစာနာမှု ဆိုင်ရာ အကူအညီများ ရောက်ရှိနိုင်ရန် အတွက် အဓိက သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများပေါ် သွားလာခွင့် ကန့်သတ်ထားခြင်းကို ရပ်တန့်ပေးရန် လက်နက်ကိုင်များအားလုံးကို တိုက်တွန်းပါသည်။

- လိင်ပိုင်းဆိုင်ရာနှင့် ကျား/မကွဲပြားမှု အပေါ် အခြေခံသည့် အကြမ်းဖက်မှု ကျူးလွန်ခံရသူများအား အရေးပေါ် ထောက်ပံ့ ရေး အစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် ဒေသန္တရ အမျိုးသမီး အဖွဲ့အစည်းများအား ဘဏ္ဍာရေး အကူအညီများ ပေးအပ်ရန် လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက် အဖွဲ့အစည်းများကို တိုက်တွန်းပါသည်။

---

## ဆက်သွယ်ရန်လိပ်စာ

kenneri@shanwomen.org

@shanwomen

www.shanwomen.org